GRET Professionals for Fair Development

# မြေယာမဲ့ခြင်း

စိုက်ပျိုးရေးသည် မြန်မာ့စီးပွားရေး၏ အဓိက မောင်းနှင်အားဖြစ်ပြီး နိုင်ငံ၏လူဦးရေ ၃ ပုံ၂ ပုံ ကျော်သည် စိုက်ပျိုးရေးတွင် လုပ်ကိုင်နေကြရသည့်အပြင် GDP (စုစုပေါင်း ပြည်တွင်းထုတ်ကုန်တန်ဖိုး)၏ ၃ ပုံ ၁ ပုံသည်လည်း စိုက်ပျိုးရေးမှ ရရှိနေပါသည်။ မြန်မာ့ကျေးလက်နေလူဦးရေ ထက်ဝက်ခန့်သည် မြေယာမဲ့များဖြစ်သည်ဟု ပြောဆိုနိုင်ပြီး[၁] မဲခေါင်ဒေသတွင်းတွင် ထိုနှုန်းသည် အမြင့်ဆုံးဖြစ်ပါသည်[၂]။ မြန်မာနိုင်ငံအတွင်း လေ့လာမှုအမျိုးမျိုးမှ မြေယာမဲ့ဆိုသည်ကို ကွဲပြားစွာပုံဖော်ကြပြီး မြေယာမဲ့ ဖြစ်ခြင်း သဘောတရားယူဆချက်တွင် တိကျရှင်းလင်းမှုမရှိခြင်းသည် ပြဿနာ တစ်စိတ်တစ်ပိုင်းဖြစ်ကြောင်း ထောက်ပြထားပါသည်။


မြန်မာနိုင်ငံရှိ မကြာသေးမီက ထုတ်ပြန်ခဲ့သည့် မူဂါဒများသည် မြေမဲ့ယာမဲ့များအတွက် ရည်ရွယ်ခဲ့ပါသည်။ အမျိုးသားဒီမိုကရေစီပါတီ၏ ရွေးကောက်ပွဲ ကြေငြာစာတမ်းတွင် ၄င်းတို့ပါတီသည် မြေယာအငြင်းပွားမှုများနှင့် မြေမဲယာမဲ့များထံသို့ မြေယာခွဲဝေပေးရန် ကတိပြုထားခဲ့သည်။ ထို့အပြင် စိုက်ပျိုးရေး ဖွံ့ဖြိုးတိုးတက်မှုဗျူဟာ (ADS) သည် အစိုးရမှ ပိုင်ရှင်များထံသို့ မြေ ပြန်လည်ပေးအပ်ခြင်း၊ ပြန်လည်ခွဲဝေပေးခြင်းနှင့် မြေယာမဲ့များထံသို့ ခွဲဝေချထားပေးခြင်း စသောလုပ်ငန်းများကိုဖြင့် ဆယ်စုနှစ် (၅) ခုစာ အားနည်းခဲ့သော တရားဥပဒေစိုးမိုးစေရန်နှင့် မြေယာ အုပ်ချုပ်မှုကို ဖြေရှင်းရန် လမ်းကြောင်းဖော်ဆောင်ခဲ့ပါသည်[၃]။ ထိုအစီအစဉ်များမှာ နိုင်ငံ့အဂ္ဂမ်းတွင် အမျိုးမျိုးသော မြေယာတောင်းဆိုမှုများနှင့် မြေယာခွဲဝေချထားရေးများ ဖြစ်လာစေပါသည်။ သို့သော်လည်း အကျိုးခံစားခွင့်ရှိသူ မြေယာမဲ့များအား ဘက်စုံစံသတ်မှတ်ချက်မရှိဘဲ ရွေးချယ်လျက်ရှိပါသည်။ မြေယာခွဲဝေချထားခြင်း နည်းနာများနှင့် ထောက်ပံ့မှုများ မရှိခြင်းတို့ကြောင့် ထိုမြေရရှိသူ လယ်သမားအသစ်များအတွက် စိန်ခေါ်မှုများ မြင့်တက်လာစေပါသည်။

ဤစာတမ်းသည် မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်ဒေသများတွင် ဆောင်ရွက်ခဲ့သော သုတေသနစာတမ်းမှ ကောက်နုတ်တင်ပြထားပြီး ပထမအဆင့်အနေဖြင့် မြေယာမဲ့ခြင်းကို နားလည်စေရန် လက်တွေ့တွင် မြေယာမဲ့ အိမ်ထောင်စုအမျိုးမျိုးကွဲပြားပုံကို နားလည်စေရန် ထောက်ပြဆွေးနွေးထားပါသည်။ ထိုနည်းဖြင့် မြေမဲ့ယာမဲ့ဖြစ်စေသောအကြောင်းအရာနှင့် မြေယာရယူသုံးစွဲခွင့်နှင့် သက်မွေးဂမ်းကျောင်း တိုးတက်စေရန် မြေယာရယူသုံးစွဲခွင့် လိုအပ်ပုံကို လေးနက်စွာနားလည်စေရန် အထောက်အကူပြုပါလိမ့်မည်။

ထိုဒေသနှစ်ခုအပြင် တောင်ပေါ်ဒေသများတွင်ပါ မြေယာမဲ့အရေအတွက်သည် တိုးပွားလာနေပါသည်။ စိုက်ပျိုးမြေနယ်နိမိတ် ရနိုင်ခြင်းနှင့် လူမှုရေးနှင့် စိုက်ပျိုးရေးစနစ်များကြောင့် မိသားစုတိုင်းသည် မြေယာကို ရရှိနိုင်ကြပြီး ကျေးရွာအတော်များများတွင် မြေယာမဲ့အိမ်ထောင်စု မရှိခဲ့သော်လည်း မြေသည် တစ်ဦးပိုင်စနစ်နှင့် ရောင်းကုန်ဖြစ်လာခြင်း၊ စက်ပစ္စည်းအသုံးချခြင်းနှင့် အကြွေးတို့ ပေါင်းလိုက်သောအခါ မြေယာမဲ့လူတန်းစားကို ဖြည်းဖြည်းချင်း ဖန်တီးသကဲ့သို့ ဖြစ်နေပါသည်။

## ၁။ "မြေယာမဲ့သူ"မှာ မည်သူနည်း

မြန်မာနိုင်ငံတွင် မြေယာမဲ့ဆိုသော ဝေါဟာရသည် လယ်ယာမြေမပိုင်ဆိုင်သော ကျေးလက်နေသူများဟု ခြုံငုံရည်ညွှန်းသည်[၄]။ ၄င်းတို့အား အာဏာပိုင်များနှင့် နိုင်ငံရေးသမားများက လယ်မဲ့ယာမဲ့ (လယ်ယာမြေမရှိသူ) အဖြစ်ရည်ညွှန်းကြသည်။ မြစ်ဝကျွန်းပေါ်ဒေသတွင် ဘောက်သမား (အလုပ်သမား) ဟု ရည်ညွှန်းပြောဆိုကြပြီး - ထိုအသုံးအနှုန်းကို လယ်သမားများနှင့်ကွဲပြားစေရန် သုံးနှုန်းကြခြင်း ဖြစ်ပါသည်။ အပူပိုင်းဇုန်ဒေသများတွင် ၄င်းကို "မြောက်သူ" ဟု ခေါ်ဆိုပြီး ဆန့်ကျင်ဘက်ပြောင်းပြန်အနေဖြင့် မြေယာပိုင်ဆိုင်သော လယ်သမားများကို "တောင်သူ" ဟု ခေါ်ဆိုကြပါသည်။




*ပုံ - ၁ အသက်အရွယ်အလိုက် မြေယာရယူသုံးစွဲခွင့်ကြား ဆက်စပ်ချက်*

---

၁ LIFT ၂၀၁၂ ပျမ်းမျှ မြေယာမဲ့အိမ်ထောင်စု ၄၆ ရာခိုင်နှုန်း

၂ ဗီယက်နမ်တွင် ကျေးလက်နေအိမ်ထောင်စုများအကြား လယ်ယာဥယျာဉ်ခြံမြေဆိုင်ရာ မြေယာမဲ့နှုန်းထားကို ၁၂ ရာခိုင်နှုန်းအဖြစ်သတ်မှတ်ထားစဉ် (Phann et al., ၂၀၁၅) ကမ္ဘောဒီးယားတွင် ကျေးလက်နေလူဦးရေ၏ ၂၈ ရာခိုင်နှုန်းသည် မြေယာမဲ့များဖြင့်ဖွဲ့စည်းထားသည် (Mellac and Castellanet, ၂၀၁၅) ။

၃ စိုက်ပျိုးမွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ၂၀၁၈ ။
မြန်မာ့စိုက်ပျိုးဖွံ့ဖြိုးတိုးတက်ရေးနည်းဗျူဟာနှင့် ရင်းနှီးမြှုပ်နှံမှုစီမံချက် (၂၀၁၈-၁၉-၂၀၂၂-၂၃) နေပြည်တော်: စိုက်ပျိုးမွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရုံး၊ အမှတ် ၄၅

၄ မြန်မာနိုင်ငံတွင် မြေအားလုံး၏ပိုင်ရှင်သည် နိုင်ငံတော်ဖြစ်နေသော်လည်း မြေယာအပေါ် လယ်သမားများ၏မြေအသုံးပြုပိုင်ခွင့်ကို ရည်ညွှန်းရန်အတွက် နောက်ပိုင်းတွင် "မြေပိုင်ရှင်များ"ဟုသုံးနှုန်းထားသည်။

၅ ၁၁၂၉ အိမ်ထောင်စု (အပူပိုင်းဇုန်မှ မုံရွာနှင့် ယင်းမာပင်မြို့နယ်များမှ အိမ်ထောင်စု ၅၉၈ စု မြစ်ဝကျွန်းပေါ်မှ ဘိုကလေးနှင့်မော်လမြိုင်ကျွန်းမြို့နယ်တို့မှ အိမ်ထောင်စု (၅၃၁)စု၏ အရေအတွက်ဆိုင်ရာ လေ့လာစမ်းစစ်ခြင်းမှ ရရှိသော အချက်အလက်များအပေါ်အခြေခံ၍

သို့ရာတွင် မြစ်ဝကျွန်းပေါ်ဒေသနှင့် အပူပိုင်းဇုန်ဒေသများရှိ အထောက်အထားများမှ အာဏာပိုင်များနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ နားလည်ထားသကဲ့သို့ "မြေယာမဲ့"သည် တူညီသော အမျိုးအစားတစ်ခု မဟုတ်ကြောင်းအကြံပြုထားပါသည်[၆]။ တကယ်တမ်းတွင် မြေယာမဲ့ဆိုသောဂါဟာရတွင် ဓနပစ္စည်းပိုင်ဆိုင်မှု အခြေအနေအမျိုးမျိုးနှင့် စိုက်ပျိုးရေးနှင့်သက်ဆိုင်နေသော လုပ်ငန်းအမျိုးမျိုး အပေါ်မှီခိုနေသော အခြေအနေအမျိုးမျိုးရှိသည့် အိမ်ထောင်စုပေါင်းများစွာ ပါဝင်နေပါသည်။ အချို့သော မြေယာမဲ့များသည် မြေယာ မပိုင်ဆိုင်ကြသော်လည်း အငှားသီးစားလုပ်ကိုင်ခြင်း အစရှိသည့် သဘောတူညီမှု အမျိုးမျိုးဖြင့် မိမိတို့မြေပိုင်ကဲ့သို့ပင် မြေကို လုပ်ကိုင်ခွင့်ရှိကြပါသည်။ အခြားသောသူများသည် နေ့စားလုပ်ငန်းဖြင့် အသက်မွေးကြပါသည်။ အများစုတွင် ငါးဖမ်းခြင်း၊ တိရိစ္ဆာန်မွေးမြူခြင်း၊ အသေးစားလုပ်ငန်းများလုပ်ကိုင်ခြင်း အစရှိသော အသက်မွေးဝမ်းကြောင်းအမျိုးမျိုးကိုလုပ်ကိုင်ကြပါသည်။ အဆုံးတွင် အချို့သော အစိုးရဝန်ထမ်းအလုပ်၊ အရောင်းအဝယ်၊ ဝန်ဆောင်မှုအစရှိသည့် လယ်ယာပြင်ပလုပ်ငန်းများအပေါ်တွင်သာ အလုံးစုံမှီခို လုပ်ကိုင်နေကြသည့် ကျေးလက်နေ လယ်ယာမဲ့အိမ်ထောင်စုများလည်းရှိပါသည်။

ထို့ကြောင့် လယ်ယာမဲ့အားလုံးသည် စိုက်ပျိုးရေးလုပ်ငန်းနှင့် ဆက်စပ်ကြသည်မဟုတ်ဘဲ လယ်သမား ဖြစ်လာရန်လည်း စိတ်ပါဝင်စားမှုမရှိပါပေ။ မြေယာမဲ့ဟူသော အယူအဆသည် မြေမဲ့ယာမဲ့ဖြစ်ခြင်းကို ရည်ရွယ်ကာ လွဲမှားသည့် မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ အမှားများကို ချမှတ်မိစေပါသည်။

## ၂။ မြေယာမဲ့ခြင်း နောက်ကွယ်မှ အမှန်တကယ် အကြောင်းအရာတွေက ဘာတွေလဲ

*မြေယာမဲ့ခြင်းသည် အမျိုးအမည်တစ်ခုတည်းအဖြစ်သာ ရှိနေသည်မဟုတ်ပေ။ GRET မှ အကျယ်တဝင့် အမျိုးအစားခွဲပြထားသည့်အတိုင်း မြေယာမဲ့ခြင်းသည် ထာဝရဖြစ်နေခြင်း မဟုတ်ပါပေ။ (ပုံ-၂) မြေယာမဲ့ခြင်းကို နားလည်ရန် အိမ်ထောင်စု၏ ဘဝသံသရာစက်ဝန်းနှင့် သက်မွေးဝမ်းကျောင်းမှုဆိုင်ရာ ပြဿနာအခက်အခဲများကို နားလည်ရပါမည်။*

### အိမ်ထောင်စု၏ သက်တမ်းနှင့် ဘဝသံသရာစက်ဝန်းကို စဉ်းစားရန်လိုအပ်ခြင်း

အိမ်ထောင်စုတစ်ခုအနေဖြင့် စိုက်ပျိုးမြေရယူသုံးစွဲနိုင်ခြင်း ရှိ/မရှိကို အဆုံးအဖြတ်ပေးသည့် အရေးကြီးသော အချက်များထဲမှ တစ်ခုမှာ ထိုအိမ်ထောင်စု၏ ဘဝသံသရာစက်ဝန်းပင်ဖြစ်ပါသည်။ အိမ်ထောင်စု သက်တမ်းတလျောက် အမွေရခြင်းနှင့် ဝယ်ယူခြင်းတို့မှနေ၍ စိုက်ပျိုးမြေရယူသုံးစွဲနိုင်မှု ပိုမိုရရှိလာနိုင်ပါသည်[၇]။ သက်တမ်း နုနယ်သေးသော အိမ်ထောင်စုများသည် မြေအမွေရခြင်း (သို့မဟုတ်) ငွေကြေးစုဆောင်းကာ မြေဝယ်ခြင်းတို့ကြောင့် မြေယာမဲ့ခြင်းသည် ထိုအိမ်ထောင်စုများအတွက် ယာယီသဘောကို ဆောင်ပါသည်။ သို့သော်လည်း အသက် ၅၀ ကျော်အရွယ်ရှိသည့် အိမ်ထောင်ဦးစီး ဦးဆောင်နေသော အိမ်ထောင်စုများအတွက် မြေယာမဲ့ခြင်းသည် ထာဝရ မြေယာမဲ့ခြင်း ဖြစ်လာနိုင်သည် [၈]။

မြစ်ဝကျွန်းပေါ်ရှိ အသက် (၃၀) အောက် အိမ်ထောင်ဦးစီးများဦးဆောင်သည့် အိမ်ထောင်စု(၈၀)ရာခိုင်နှုန်းသည် မြေယာမဲ့များဖြစ်ပြီး အပူပိုင်းဇုန်တွင် (၆၁.၅)ရာခိုင်နှုန်းဖြစ်ပြီး မြစ်ဝကျွန်းပေါ်ဒေသတွင် အသက် (၆၀)အထက် အိမ်ထောင်ဦးစီးများ ဦးဆောင်သည့် အိမ်ထောင်စု(၄၀) ရာခိုင်နှုန်းသည် မြေယာမဲ့ဖြစ်ပြီး အပူပိုင်းဇုန်တွင် (၂၇) ရာခိုင်နှုန်းသာလျှင် မြေယာမဲ့များဖြစ်ကြသည်[၉]။ ပုံ *(၁)*

ပျမ်းမျှပိုင်ဆိုင်သည့် မြေယာအရွယ်အစားသည် အသက်အရွယ်နှင့်အတူတိုးတက်လာသည်။ မတူညီသော အသက်အရွယ်အုပ်စုများ၏ သီးခြားလိုအပ်ချက်များကို တုံ့ပြန်ဖြေရှင်းပေးနိုင်သည့် မူဝါဒများနှင့် အသက်မွေးဝမ်းကျောင်းမှု အထောက်အကူပြုသည့် လုပ်ငန်းဆောင်ရွက်မှုများကို ရေးဆွဲသင့်သည်။

### သီးစားချထားခြင်း အစီအမံဖြင့် မြေယာရယူသုံးစွဲပိုင်ခွင့်

အပူပိုင်းဇုန်ဒေသနှင့် နှိုင်းယှဉ်ရမည်ဆိုလျှင် သီးစားချထားသည့် အစီအမံကို မြစ်ဝကျွန်းပေါ်ဒေသများတွင် ပိုမိုတွေ့ရသည်။ မြစ်ဝကျွန်းပေါ်တွင် သီးစားလုပ်ကိုင်သူအများစုသည် မြေယာမဲ့များဖြစ်ကြပြီး အပူပိုင်းဇုန်ဒေသတွင်မူ သီးစားလုပ်ကိုင်သူ အများစုသည် မြေပိုင်ရှင်များဖြစ်ကြသည်။ မြစ်ဝကျွန်းပေါ်ရှိ မြေယာမဲ့အိမ်ထောင်စု ၄ ပုံ ၁ ပုံ နီးပါး (၂၃ ရာခိုင်နှုန်း)သည် မြေပိုင်ရှင်များနှင့် သီးစားသဘောတူညီမှုရှိခြင်းအားဖြင့် မြေယာရယူသုံးစွဲနိုင်ပြီး အပူပိုင်းဇုန်ဒေသတွင် ၆ ဒသမ ၅ ရာခိုင်နှုန်းခန့်သာ လုပ်ကိုင်ကြသည်[၁၀]။ သီးစားလုပ်ကိုင်မှုကို အပူပိုင်းဇုန်တွင် မြေပိုင်ရှင်များမှ စိုက်ပျိုးမြေရေယာချဲ့ထွင်ရန်အလို့ငှာ လုပ်ကိုင်ကြစဉ်တွင် မြစ်ဝကျွန်းပေါ်ဒေသတွင် မြေယာမဲ့ အိမ်ထောင်စုများအတွက် မြေယာရယူနိုင်မှု၊ ငွေကြေး အရင်းအနှီးနှင့် ကိုယ်ပိုင်စိုက်ပျိုးမြေရှိလာစေရန် ပထမအဆင့်အနေဖြင့် လုပ်ကိုင်ကြပါသည်။

### စိုက်ပျိုးရေးလုပ်ငန်းများတွင် ပါဝင်ပတ်သတ်မှု (စိတ်ပါဝင်စားမှု) အမျိုးမျိုး

ခြုံငုံကြည့်မည်ဆိုပါက မြစ်ဝကျွန်းပေါ်ဒေသမှ မြေယာမဲ့များသည် လယ်ယာလုပ်ငန်းများအပေါ်တွင် ပိုမိုမှီခိုနေကြပါသည်[၁၁] (မြစ်ဝကျွန်းပေါ်တွင် (၉၀)ရာခိုင်နှုန်းရှိနေစဉ် အပူပိုင်းဇုန်တွင် (၅၆)ရာခိုင်နှုန်းသာရှိသည်)။ မြစ်ဝကျွန်းပေါ်တွင် စိုက်ပျိုးရေးလုပ်ငန်းခွင် အလုပ်သမား (၈၇.၄)ရာခိုင်နှုန်းသည် မြေယာမဲ့ဖြစ်ပြီး အပူပိုင်းဇုန်တွင် (၅၂ ဒသမ ၄)ရာခိုင်နှုန်းသာရှိသည်။ အပူပိုင်းဇုန်ဒေသတွင် မြေယာမဲ့အိမ်ထောင်စုများသည် ရွှေ့ပြောင်းလုပ်ကိုင်ခြင်းနှင့် လယ်ယာပြင်ပလုပ်ငန်းများရှိ အသက်မွေးဝမ်းကျောင်း အခွင့်အလမ်းများကို ပိုမိုလုပ်ကိုင် အဆင်ပြေကြပါသည်[၁၂]။

---

၆ Boutry et al - ၂၀၁၇
၇ Boutry et al - ၂၀၁၇/ ၂၀၉-၂၁၀
၈ Boutry et al - ၂၀၁၇/၃၀
၉ Boutry et al - ၂၀၁၇/၂၇၄
၁၀ Boutry et al - ၂၀၁၇/ ၂၁၇
၁၁ သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲခြင်း- လယ်ယာလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ငါးဖမ်းခြင်း အစရှိသည့်
၁၂ Boutry et al - ၂၀၁၇/၂၁၁


## လေ့လာရပ်ဖြစ်စဉ် ၁ : မြစ်ဝကျွန်းပေါ်ဒေသမှ မြေယာမဲ့ပြဿနာများကို အမျိုးအစားခွဲခြားသတ်မှတ်ခြင်း[၁၃]

*မြစ်ဝကျွန်းပေါ်ဒေသတွင် GRETမှ တွေ့ရှိခဲ့သော မြေယာမဲ့အိမ်ထောင်စုအမျိုးအစား (၃) မျိုး*

"စိုက်ပျိုးရေးလုပ်သည့်မြေယာမဲ့" ( ၂၃ ရာခိုင်နှုန်း ) သည် သီးစားသဘောတူညီမှုမှတဆင့် မြေယာကို ယာယီ လုပ်ကိုင်နိုင်ခွင့်ရှိကြသည်။ ၎င်းတို့သည် အသက်အငယ်ဆုံး သော အိမ်ထောင်စုအမျိုးအစားများထဲတွင် ပါဝင်သည်။ ၎င်းတို့သည် အချိန်နှင့်အမျှ ငွေစုဆောင်းကာ မြေဝယ်ခြင်း (သို့မဟုတ်) အမွေဆက်ခံခြင်းအားဖြင့် မြေယာပိုင်ဆိုင်နိုင် သည့် အလားအလာရှိကြသည်။

"လယ်ယာလုပ်သားနှင့် ငါးဖမ်းသည့် မြေယာမဲ့များ" (၄၇ရာခိုင်နှုန်း)သည် လယ်ယာ လုပ်ငန်းနှင့် ငါးဖမ်းခြင်းများအပေါ်တွင် အဓိကမှု တည်နေသည်။ သက်လတ်ပိုင်းရှိသော အိမ်ထောင် ဦးစီးနှင့် အဆင်းရဲဆုံးမြေယာမဲ့အုပ်စုထဲတွင် ပါ ဝင်သည်။

"လယ်ယာလုပ်ငန်းပြင်ပမှ မြေယာမဲ့များ" (၃၀ ရာခိုင် နှုန်း)သည် စိုက်ပျိုးရေးနှင့် သက်ဆိုင်မှုမရှိသော အလုပ်သမား အဖြစ် သို့မဟုတ် အသေးစားစီးပွားရေးများကို လုပ်ကိုင်ကြ သည်။ ၎င်းတို့သည် မိသားစုထဲရှိ အရွယ်ရောက်သောပြီးသူ (သို့မဟုတ်) ရွှေ့ပြောင်းလုပ်ကိုင်ခြင်းစသည့် လယ်ယာခွင်ပြင်ပ လုပ်ငန်းများအပေါ် ရပ်တည်နေကြပြီး သားသမီးများမှ ပေးပို့ လာသည့်ငွေများကို ဝင်ငွေအဖြစ် ပြန်လည်ဖန်တီးရန် ရင်းနှီး မြှုပ်နှံကြသည်။ ၎င်းတို့သည် အသက်အကြီးဆုံး အိမ်ထောင် ဦးစီးအုပ်စုထဲတွင်ပါဝင်သည်။




*ပုံ -၂ မြစ်ဝကျွန်းပေါ်ဒေသမှ အမျိုးမျိုးသော မြေယာမဲ့အိမ်ထောင်စုအမျိုးအစားများ [၁၄]*

## ၃ ။ မြေယာမဲ့စေသည့်အကြောင်းအရာတွေက ဘာလဲ

### သမိုင်းအကြောင်းအရာများ

၎င်းတို့၏ လယ်ယာစီးပွားရေးနှင့် သမိုင်းကြောင်း ဖြစ်စဉ်များ ကွဲပြားခြင်းကြောင့် အပူပိုင်းဇုန်ဒေသရှိ ကျေးရွာ များ (အိမ်ထောင်စု ၄၁ ရာခိုင်နှုန်း)ထက် မြစ်ဝကျွန်းပေါ် ဒေသရှိ ကျေးရွာများတွင် (အိမ်ထောင်စု ၆၀ ရာခိုင်နှုန်း) မြေယာမဲ့နှုန်းသည် ပိုမိုမြင့်မားနေသည်။ ကိုလိုနီခေတ်ကြို ကာလကတည်းကပင် အပူပိုင်းဇုန်ဒေသရှိ ကျေးရွာများ သည် ကာလကြာမြင့်စွာ တည်ရှိနှင့်ပြီးသော ကျေးရွာများ နှင့် ခိုင်မာသည့် လူမှုအသိုက်အဝန်း ဖြစ်နေသောကြောင့် စိုက်ပျိုးမြေ ရယူသုံးစွဲနိုင်ခြင်း၊ ထွန်ယက်စိုက်ပျိုးရေးနှင့် ရင်းနှီးမြှုပ်နှံခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။ မတူညီသည်မှာ လျော့ရဲသောလူမှုအဖွဲ့အစည်းများ၊ ပြောင်းရွှေ့သွားလာမှု များနှင့် လူမှုရေး မညီမျှမှုမြင့်မားသည့် ဒေသအဖြစ် သတ် မှတ်နိုင်သည့် မြစ်ဝကျွန်းပေါ်ဒေသကမူ ဗြိတိသျှအာဏာ ပိုင်များ ပြောင်းလဲမှသာ နိုင်ငံ၏ဆန်အိုးကြီးအဖြစ်သို့ ပြောင်း လဲခဲ့ခြင်းဖြစ်သည်။ မြစ်ဝကျွန်းပေါ်ဒေသသည် တာဝန်ကျေ စပါး မဖြစ်မနေရောင်းရသည့်မူဝါဒနှင့် ၁၉၉၀ ခုနှစ်များမှ စတင်ကာ နွေစပါးစိုက်ပျိုးရသည့် မူဝါဒများကြောင့် ပိုမို ခံစားခဲ့ကြရသည်။ မြေယာမဲ့ခြင်းကို လေ့လာသည့်စစ်တမ်း တွင် ၁၉၈၈ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း မြစ်ဝကျွန်းပေါ်ဒေသ ရှိ မြေယာပိုင်ဆိုင်ခဲ့သူများ မြေယာဆုံးရှုံးမှု (၉ ရာခိုင်နှုန်း) ရှိခဲ့သည်။ ထိုပမာဏသည် အပူပိုင်း ဒေသ၏ မြေယာ ဆုံးရှုံးမှုထက် (၃)ဆ ပိုများပါသည်[၁၅]။

### မဖြစ်မနေရောင်းချရသောမူဝါဒ- မြေယာလက်မဲ့ဖြစ်စေခြင်း

၁၉၆၂ ခုနှစ်မှ စတင်ကာ မြန်မာ့ဆိုရှယ်လစ်စနစ်ဖြင့် အုပ်ချုပ်မှုသည် လယ်သမားများကို စျေးကွက်ပေါက်စျေး ထက်နိမ့်သည့် စျေးနှုန်းဖြင့် သတ်မှတ်စပါးခွဲတမ်းအား အစိုးရထံ ရောင်းချစေခဲ့သည်။ နိုင်ငံ့အဂှမ်း သီးနှံများ

---

၁၃ Boutry et al - ၂၀၁၇
၁၄ မော်လမြိုင်ကျွန်းနှင့်ဘိုကလေးမြို့နယ်များရှိ နမူနာ မြေယာမဲ့အိမ်ထောင်စု(၁၁၅)စုအပေါ်တွင်အခြေခံသော
၁၅ Boutry et al - ၂၀၁၇/ ၂၂၄

အားလုံးတွင် ထိုမူဝါဒကို အသုံးချခဲ့သော်လည်း တာဝန်ကျေစပါးရောင်းချခြင်းကို အကြပ်မတ်ဆုံးအကောင်အထည်ဖော်သောကြောင့် မြစ်ဝကျွန်းပေါ်ရှိ လယ်သမားများကို အဆိုးရွားဆုံး ထိခိုက်စေခဲ့ပါသည်။ ၂၀၀၃ ခုနှစ်အထိ နောက်ဆုံးကျင့်သုံးခဲ့သော ထိုမူဝါဒသည် အထူးသဖြင့် ၁၉၆၂ မှ ၁၉၈၈ ခုနှစ်များအတွင်း လယ်သမားများအတွက် ကြီးမားသော ဝန်ထုပ်ဝန်ပိုးဖြစ်စေခဲ့ပါသည်။ ၎င်းသည် မြေယာသိမ်းယူခြင်း၊ ကြွေးနွံနစ်ခြင်းနှင့် မတတ်သာ၍ မြေရောင်းရချခြင်းတို့ကို ဖြစ်စေခဲ့ပါသည်။ တစ်နည်းဆိုပါက ၎င်းသည် အကြီးစားမြေပိုင်သူများထံသို့ မြေယာများ စုပြုံရောက်ခြင်းကို ဖြစ်စေခဲ့ပါသည်။

### ကျေးရွာအတွင်း ဖယ်ကျဉ်ခြင်းနှင့် ကြွေးနွံနစ်မှု

မြန်မာမြေပြန့်ဒေသများတွင် တွေ့ရှိရသော မြေယာမဲ့နှုန်းမြင့်မားမှုသည် အကြီးစားမြေသိမ်းယူမှုနှင့် နှင်ထုတ်ခံရခြင်း စသော နောက်ခံအကြောင်းများကြောင့်သာ ဖြစ်လာခြင်းမဟုတ်ပါ။ တကယ်တမ်းတွင် GRET ၏ လေ့လာမှု (Boutry et al, 2017)အတွင်း နမူနာလေ့လာခဲ့သည့် ကျေးရွာများတွင် မြေယာသိမ်းယူခြင်းများကြောင့် သက်ရောက်မှုမရှိခဲ့ပါ။ အချုပ်ဆိုရပါက လယ်သမားများနှင့် ဒေသအာဏာပိုင်များနှင့် ဆက်ဆံရေးသည် ၎င်းတို့၏ ကြွေးနွံနစ်မှုကို ကျော်လွှားရန် စွမ်းဆောင်နိုင်စွမ်းကို ဖြစ်စေပြီး ၎င်းတို့၏ ထိခိုက်လွယ်မှုအခြေအနေများသည် ၎င်းတို့၏ မြေယာကို ပေါင်နှံရန် တွန်းအားဖြစ်စေကာ ချေးငွေကို ကာမိစေရန် အပေါင်ဆုံးအဖြစ် သိမ်းယူခံခြင်း (သို့မဟုတ်) မြေယာ မဖြစ်မနေရောင်းချရခြင်းတို့ကို ဖြစ်စေပါသည်။



### မြေယာရှားပါးမှုနှင့် မြေကွက်များ အပိုင်းပိုင်းအစိတ်စိတ်ဖြစ်နေခြင်း

ဒေသနှစ်ခုစလုံးရှိ မြေကွက်များသည် အပိုင်းပိုင်းအစိတ်စိတ်ဖြစ်နေပြီး အထူးသဖြင့် စိုက်ပျိုးမြေ နယ်ပယ်ထပ်မံချဲ့ထွင်ရန် မရှိတော့ဘဲ အစောပိုင်းကတည်းကပင် မြေကို အပြည့်အဝအသုံးချပြီးသော အပူပိုင်းဇုန်ဒေသတွင် ပိုမို သိသာနေပါသည်။ ထိုဒေသတွင် မြေယာမဲ့များအတွက် မြေ ငှားရမ်းခြင်း သို့မဟုတ် သီးစားလုပ်ကိုင်ခြင်းတို့ဖြင့် မြေယာ ရယူ စိုက်ပျိုးနိုင်ရန် အကန့်အသတ်ရှိနေပါသည်။ ဒ့ါအပြင် မြေကွက်များ အပိုင်းအပိုင်းအစိတ်စိတ်ဖြစ်နေခြင်းအားဖြင့် အမွေဆက်ခံရတွင် ယေဘူယျအားဖြင့် အိမ်ထောင်တစ်စုချင်းစီ၏ အမွေရရှိသည့် မြေဧရိယာ နည်းပါးလာကာ မြေယာမဲ့ခြင်းကို ဖြစ်စေပါသည်။

## ၄ ။ မြေယာမဲ့များသို့ မြေယာခွဲဝေပေးခြင်းရိုက်ခတ်မှုများ

*အထက်ဖော်ပြပါ တွေ့ရှိချက်များနှင့် မြစ်ဝကျွန်းပေါ်ဒေသ၊ စစ်ကိုင်းနှင့် မကွေးမြို့နယ်များရှိ မြေယာခွဲဝေပေးရန် စီစဉ်ထားသော နေရာ (၂၃) ခုကျော်တွင် လေ့လာခဲ့သည့် လေ့လာမှုမှတဆင့် အောက်ဖော်ပြပါ အဓိကဆွေးနွေးရမည့် အကြောင်းအရာများကို ဖော်ထုတ်ထားပါသည်။*

### ဘက်စုံစံသတ်မှတ်ချက်များမရှိဘဲ ရွေးချယ်ခြင်း

နေရာတော်တော်များများတွင် မြေယာမဲ့အမျိုးအစားအားလုံးထဲမှ အကျိုးခံစားခွင့်ရှိသူကို မဲစနစ်ဖြင့် ရွေးချယ်ကြပါသည်။ မဲနစ်ဖြင့်ရွေးချယ်ခြင်းစနစ်သည် ပွင့်လင်းမြင်သာမှုရှိခြင်းနှင့် ပဋိပက္ခများကို ထိန်းညှိရန် အလွယ်ကူဆုံးနည်းလမ်းဖြစ်သော်လည်းပဲ လူမှု-စီးပွားအခြေအနေနှင့် စိုက်ပျိုးရေးတွင် စိတ်ပါဝင်စားမှုတို့နှင့် မသက်ဆိုင်သော မြေယာမဲ့အမျိုးအစားအားလုံးကို ရွေးချယ်နိုင်ခြင်းကြောင့် ပြဿနာဖြစ်နေနိုင်ချေ အလွန်ပင်မြင့်မားပါသည်။ အချို့သောကိစ္စရပ်များတွင် ပိုမိုကြွယ်ဝသော အရောင်းအဝယ်သမားများ၊ အသေးစားလုပ်ငန်းပိုင်ရှင်များနှင့် အစိုးရဝန်ထမ်းများသည် စိုက်ပျိုးရေးလုပ်ငန်းကို စိတ်ပါဝင်စားခြင်း မရှိသော်လည်း မဲပေါက်ခဲ့ကြပါသည်။ ၎င်းတို့ထဲမှ အများစုသည် ၎င်းတို့၏မြေယာကို မြေငှားစားခြင်း (သို့မဟုတ်) ရောင်းစားခြင်းဖြင့်သာ အဆုံးသတ်လိုက်ကြပါသည်။



### ခွဲဝေချထားပေးသည့် ဧရိယာအကန့်အသတ်

များသောအားဖြင့် ခွဲဝေပေးသည့် မြေဧရိယာမှာ ၁.၂၅ မှ ၃ ဧကအထိ ဖြစ်ပါသည်။ ခွဲဝေချထားပေးရန် စဉ်းစားသည့် မြေအများစုသည် မြေဆီသြဇာအရည်အသွေး၊ ရေ စီမံခန့်ခွဲသည့် အခြေအနေနှင့် သယ်ယူပို့ဆောင်ရေးစသည်တို့တွင် ညံ့ဖျင်းပါသည်။ နေရာအတော်များများတွင် ရေကြီးရေလျှံသည့်မြေနေရာဖြစ်နေပြီး။ တစ်နှစ်လျှင် တစ်သီးသာ စိုက်ပျိုးနိုင် သည့်မြေ ဖြစ်ပါသည်။ လယ်သမားအသစ်များအတွက် ရင်းနှီးမြှုပ်နှံကာ အမြတ်အစွန်းရနိုင်ရန် မြေကွက် အရွယ်အစားသည် သေးငယ်လွန်းနေပါသည်။

### မြေယာမဲ့လယ်သမားများအတွက် ထောက်ပံ့မှုအကန့်အသတ်

လယ်ယာမဲ့စစ်စစ် - စိုက်ပျိုးရေးကို သီးစားအငှားအဖြစ်နှင့် (သို့မဟုတ်) စိုက်ပျိုးရေး လုပ်သားအဖြစ် လုပ်ကိုင်သူ - ထိုသူများသည် လယ်မြေယာကို အလိုအပ်ဆုံးသော သူများဖြစ်ကြပါသည်။ ၎င်းတို့၏ ငွေကြေး တတ်နိုင်မှုနှင့် ရင်းနှီးမြှုပ်နှံနိုင်စွမ်းတို့သည် အလွန်ပင် အကန့်အသတ်ရှိနေပါသည်။ ၎င်းတို့သည် လယ်ယာလုပ်ငန်းတွင် စိတ်ဝင်စားမှုနှင့် ကျွမ်းကျင်မှုရှိသော်လည်း ပထမဆုံးသောနှစ်များတွင် ရင်းနှီးရန်နှင့် စိုက်ပျိုးရေးကို ဆက်လက်ထိန်းထားရန်အတွက် စိန်ခေါ်မှုများ မကြာမကြာ ရင်ဆိုင်ကြရပါသည်။ သီးနှံဆုံးရှုံးမှုအန္တရာယ်နှင့် ငွေကြေးဆုံးရှုံးမှုများအပြင် မြေခွဲဝေပေးသည့်နေရာများတွင် မကြာခဏရေကြီးမှု ဖြစ်ပွားသည့် အန္တရာယ်များရှိနေခြင်းက ၎င်းတို့ကို ပိုမိုဆိုးရွားစေပါသည်။

# ၅။ အကြံပြုချက်များ

*အထက်ဖော်ပြပါတွေ့ရှိချက်များနှင့် မြစ်ဝကျွန်းပေါ်ဒေသ၊ စစ်ကိုင်းနှင့် မကွေးမြို့နယ်များရှိ မြေယာခွဲဝေပေးရန် စီစဉ်ထားသော နေရာ(၂၃)ခုကျော်တွင် လေ့လာခဲ့သည့် လေ့လာမှုမှတဆင့် အောက်ဖော်ပြပါ အဓိကဆွေးနွေးရမည့်အကြောင်းအရာများကို ဖော်ထုတ်ထားပါသည်။*

## မူဝါဒများနှင့် ဆောင်ရွက်ရန်ရှိသည့်များအတွက် မြေယာမဲ့အမျိုးမျိုး

ဤအနှစ်ချုပ်တွင်ဖော်ပြခဲ့သည့်အတိုင်း မြေယာမဲ့မှု အမျိုးမျိုးကို စဉ်းစားခြင်းသည် မြေယာမဲ့ဖြစ်စေခြင်း အကြောင်းအရင်းခံများ၊ မြေယာရနိုင်ခြင်းနှင့် အသက်မွေးဝမ်းကျောင်းတိုးတက်ရေးအတွက် လူထု၏လိုအပ်ချက်ကို ပိုမိုကောင်းမွန်စွာထားရန် လိုအပ်ပါသည်။ ဤသည်မှာ ဖွံ့ဖြိုးရေးကို ဆောင်ရွက်နေသော အကျိုးသက်ဆိုင်သူများ အားလုံးသည် ပိုမိုသင့်တော်မည့် မူဝါဒများ၊ ဥပဒေများနှင့် ညွှန်ကြားချက်များကို ပြုပြင်နိုင်ရန် ခွင့်ပြုသည့် အနေအထား တစ်ခုဖြစ်ပါသည်။

## ခွဲဝေချထားပေးသည့် ဧရိယာအကန့်အသတ်

အများသောအားဖြင့် ခွဲဝေပေးသည့် မြေဧရိယာမှာ ၁.၂၅ မှ ၃ ဧက အထိ ဖြစ်ပါသည်။ ခွဲဝေချထားပေးရန် စဉ်းစားသည့် မြေအများစုသည် မြေဆီဩဇာအရည်အသွေး၊ ရေစီမံခန့်ခွဲသည့် အခြေအနေနှင့် သယ်ယူပို့ဆောင်ရေး စသည်တို့တွင် ညံ့ဖျင်းပါသည်။ နေရာအတော်များများတွင် ရေကြီးရေလျှံသည့်မြေနေရာဖြစ်နေပြီး။ တစ်နှစ်လျှင် တစ်သီးသာ စိုက်ပျိုးနိုင်သည့်မြေဖြစ်ပါသည်။ လယ်သမား အသစ်များအတွက် ရင်းနှီးမြှုပ်နှံကာ အမြတ်အစွန်းရနိုင်ရန် မြေကွက်အရွယ်အစားသည် သေးငယ်လွန်းနေပါသည်။

## မြေယာမဲ့ခြင်းကို ရှင်းလင်းစွာ ဖြေရှင်းနိုင်မည့် ဗျူဟာများ၊ မူဝါဒများနှင့် ဥပဒေများကို ပိုမိုကောင်းမွန်စေခြင်း

သိမ်းဆည်းမြေများ ပြန်လည်ပေးအပ်ခြင်းအတွက် အစိုးရ၏ လမ်းညွှန်မှုအချို့ရှိနေစဉ်တွင် "မြေယာမဲ့များအတွက် မြေ" ဆောင်ပုဒ်မှာ တစ်ခုတည်းသော ဥပဒေဆိုင်ရာ အထောက်အပံ့ဖြစ်နေပြီး ပြဿနာများရှိနေသည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းဥပဒေဖြစ်ပါသည်။ ထို ဥပဒေသည် လုပ်ကိုင်လိုသူ မည်သူမဆို မြေလျှောက်ထားနိုင်ပြီး မြေယာမဲ့များအတွက် တိကျသည့်သီးခြားချဉ်းကပ်မှုမရှိပါပေ။ အကယ်၍ အစိုးရသည်မြေယာမဲ့များထံသို့ မြေယာခွဲဝေပေးရန် ပြင်းပြထက်သန်ပါက ၎င်းကို အကောင်အထည်ဖော် ဆောင်ရွက်ရန် တိကျသောမူဝါဒစာတမ်းများကို မြှင့်တင်ရမည်ဖြစ်ပြီး လုပ်ထုံးလုပ်နည်းများ၊ မူဘောင်များ၊ လူသားအရင်းမြစ်နှင့် ဘဏ္ဍာရေး လိုအပ်ချက်တို့ကို ဖြည့်ဆည်းရပါမည်။ အကျိုးခံစာခွင့်ရှိသူများကို ကျကျနနရွေးချယ်ရန် လိုအပ်အပ်ပြီး နည်းပညာနှင့် ငွေကြေးအထောက်အပံ့များဖြင့် ပံ့ပိုးရပါမည်။ ခွဲဝေချထားပေးမည့် မြေဧရိယာအရွယ်အစားသည် လျော်ကန်သည့် အရွယ်အစားဖြစ်ရန် လိုအပ်ပါသည်။

## လယ်ယာမဲ့အသစ်များ ဖြစ်စေသည်ကို ရှောင်ရှားခြင်း

- အကောင်အထည်ဖော်ရာတွင် ပါဝင်ပတ်သက်ရသူတို့၏ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုများရှိစေရန် စစ်မှန်သည့် လုပ်ထုံးယန္တရားကို အကောင်အထည်ဖော်ရန်လိုအပ်ပြီး ထိန်းကျောင်းမှုယန္တရားဖြင့် အဓိကသက်ဆိုင်သူတို့၏ လွှမ်းမိုးကို ထိန်းညှိရန်အတွက် အောက်ခြေတွင် ဥပဒေသက်ရောက်မှုရှိစေရပါမည်။
- မြေလွတ်၊ မြေလပ်၊ မြေရိုင်း ဥပဒေ အကောင်အထည်ဖော်ခြင်းကို ဆိုင်းငံ့ထားပြီး မြေယာ အမြောက်အများ ရယူထားသည့် စီမံကိန်းများနှင့် လွတ်၊ လပ်၊ ရိုင်းမြေချထားခြင်းကို ဆန်းစစ်ရန် - အမျိုးသားဒီမိုကရေစီအဖွဲ့၏ ရွေးကောက်ပွဲ ကြေငြာချက်တွင် "စိုက်ပျိုးနိုင်သော မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို ဖော်ထုတ်ပြီး မြေမဲ့ယာမဲ့များအား ဦးစာပေးခွဲဝေချထား၍ တရားဝင်လုပ်ပိုင်ခွင့်ရရှိရေး ဆောင်ရွက်မည်။" ဟု ကတိပြုထားပါသည်။ သို့သော်လည်း မြေယာမဲ့ အိမ်ထောင်စုများနှင့် အသေးစားမြေယာပိုင်ဆိုင်သူများကိုကျော်ကာ မြေယာရနိုင်ရန်အတွက် ဒေသရှိ အထက်တန်းလွှာနှင့် ကုမ္ပဏီများကို ဦးစားပေးထားသည့် လွတ်၊ လပ်၊ ရိုင်း ဥပဒေကို ပြင်ဆင်သည့် ၂၀၁၈ ဥပဒေသည် မြေယာမဲ့ခြင်းကို ပိုမိုဆိုးဝါးစေလိမ့်မည် ( လွတ်၊ လပ်၊ ရိုင်း အနှစ်ချုပ်ကို ကြည့်ရန်)။
- ရွှေ့ပြောင်းခံရသူများ၏ မြေများကို ပြန်လည်နေရာချထားပေးသည်အထိ ကာကွယ်ပေးရန်
- မြေယာရရှိနိုင်သည့်ဒေသများတွင် အိမ်ထောင်စုအသစ်များအတွက် မြေခွဲဝေပေးနိုင်ရန် ဘုံစီမံခန့်ခွဲသည့် "ထိန်းသိမ်းမြေ" ဧရိယာကို ကျေးရွာများအား သတ်မှတ်ထားရှိခွင့်ပေးရန်

## အနာဂတ် မြေယာလိုအပ်ချက်များအတွက် မူဝါဒပိုင်းဆိုင်ရာ သုတေသနပြုခြင်း

တိုးပွားလာသော လူဦးရေနှင့် မြို့ပြတည်ဆောက်ခြင်း၊ စက်မှုကုန်ထုတ်လုပ်ငန်းများနှင့် မြေယာ အမြောက်အများလိုအပ်သည့် စီးပွားရေးလုပ်ငန်းများကြောင့် မြေယာလိုအပ်ချက် ဖိအားမြင့်မားလာခြင်းနှင့်အတူ လာမည့် အနာဂတ်ဆယ်စုနှစ်များတွင် ကျေးလက်နေလူထုအတွက် မြေယာလိုအပ်လာမည်ကို ထင်ဟပ်ကြည့်ရန် အစိုးရအတွက် အလွန်အရေးကြီးပါသည်။ ရနိုင်သည့် မြေယာအသုံးချမှု အပြောင်းအလဲ၊ မြေယာပိုင်ဆိုင်လုပ်ကိုင်မှု၊ စိုက်ပျိုးရေးမှ ထုတ်လုပ်လုပ်မှု စာရင်းအချက်အလက်များနှင့် လူဦးရေတိုးပွားနှုန်းနှင့် ရွှေ့ပြောင်းသွားလာမှုစသည့် ပထဝီအနေအထားတို့ကိုကြည့်ကာ ထုတ်နှောင်လာမည့် နှစ်ပေါင်း ၂၀ တွင် မြန်မာနိုင်ငံရှိ လယ်သမား မိသားစုများ၏ အသက်မွေးဝမ်းကျောင်းမှု လုံခြုံမှုရှိစေရန် မြေယာမည်မျှ လိုအပ်မည်ကို ခန့်မှန်းတွက်ချက်ခြင်းနှင့် လုံလောက်ပြည့်စုံသည့် ဆုံးဖြတ်ချက်ချမှတ်နိုင်ရန်အတွက် အဖိုးတန်သည့် ဦးတည်ချက်ချမှတ်ရန် လိုအပ်ပါသည်။





## ဆက်လက်ဖတ်ရှုရန်


*Boutry, M., Allaverdian, C., Mellac, M., Huard, S., San Thein, Tin Myo Win, Khin Pyae Sone. 2017. မြန်မာ့ မြေပြန့် ကျေးလက်ဒေသ မြေယာပိုင်ဆိုင်လုပ်ကိုင်ခွင့် - အပူပိုင်းဇုန်နှင့် မြစ်ဝကျွန်းပေါ်ဒေသ၏ သမိုင်းကြောင်းရာ ရှုထောင့်များမှသည် လက်ရှိကြုံတွေ့နေရသော ဘဝဖြစ်ရပ်မှန်များဆီသို့ - မြေယာနှင့် လူမှုဘဝ သုတေသနစာစဉ် Gret: Yangon.*
https://www.gret.org/wp-content/uploads/Gret_LandTenure_report_Myanmar-2.pdf

*မြန်မာ - တောင်သူလယ်သမားများမှာ မိမိတို့၏ ပိုင်နက်မြေအတွင်း မတရားကျူးကျော်သူများဖြစ်ရတော့မည် - မြန်မာ မြေယာနှင့် အသက်မွေးဝမ်းကြောင်းမှုဆိုင်ရာ မူဝါဒ အနှစ်ချုပ် # ၁ - မတ်လ ၂၀၁၉*
https://www.gret.org/wp-content/uploads/PolicyBriefVFV-MMR-new-3-april-1.pdf

*Belton, Ben and Mateusz Filipski. 2019. "Rural transformation in central Myanmar: By how much, and for whom?" Journal of Rural Studies 67 (April): 171.*



*ဓာတ်ပုံ : Celine Allaverdian*
*အသေးစိတ် သတင်းအချက်အလက်များ သိလိုပါက ဆက်သွယ်ရန် :*
*allaverdian@gret.org*



*ထုတ်ဝေသူ : Gret*
*www.gret.org*

*Funded by LIFT*

အသိပေးကြေငြာချက် :
အထက်ပါရေးသားဖော်ပြချက်များသည် LIFT အလှူရှင်များ၏ တရားဝင် အတည်ပြုထားသည့် သဘောထားအမြင်များဟု မယူဆနိုင်ပါ။

Livelihoods and Food Security Trust Fund

Graphic Design and Layout By Win Myat Thu